အခန်း - ၂၃

## ဘဏ္ဍာများ

ကျောက်ဆောင်ဝိုင်းကြီးသို့ ရောက်သောအခါ ဒန်တီသည် အမြင့်ဆုံးသော နေရာသို့တက်၍ ၎င်းအနီးအပါးတွင် လူသူလေးပါးတို့ ရှိလေသလောဟု သေချာစွာ မျှော်ကြည့်လိုက်သေး၏။ အနီးအနား၌ နံ့ကောင်များနှင့် ဝေးလံသောအရပ်တွင် ကျက်စားလျက်ရှိသော တောင်ဆိတ်တစ်ကောင်မှတစ်ပါး လူသားဟူ၍ တစ်ဦးတစ်ယောက်မျှ မမြင်ရပေ။

၎င်းနောက် ဒန်တီသည် ကျောက်ဆောင်ထိပ်မှ ဆင်းခဲ့၍ အာဂုံဆောင်ထားသော "သိုက်ညွှန်း" ကိုရွတ်ဆိုလျက် နောက်ဆုံးတွေ့ရသော အမှတ်အသားမှ နောက်ပြန်ခြေရာကောက်သွားရာတွင် အညွှန်းတွင်ပါသော ချောင်းနှင့်ဝက်သစ်ချပင်ကြီးကိုပါ တွေ့ရလေ၏။ "ဟုတ်ပြီ နေရာကျပြီ" ဟု အောက်မေ့လျက် ဒန်တီသည် ကျောက်ဆောင်ဝိုင်းကြီးဆီသို့ ပြန်တက်လာလေ၏။ အညွှန်းတွင် (မည်မျှ) ဟူ၍ ရေးသားထားသောနေရာ၌ "ကိုက် ၃၀၀" ဟု ဆိုလိုကြောင်းကိုလည်း ရိပ်မိလေပြီ။

ကျောက်ဆောင်ဝိုင်းကြီးသို့ ပြန်ရောက်သောအခါ ဒန်တီသည် အညွှန်းတွင် ပါရှိသည့်အတိုင်း ကျောက်ဆောင်တွင် ဂူများကို ရှာဖွေရာ တစ်ခုမျှ မတွေ့ရချေ။ ထိုအခါ ဒန်တီက ဤကျောက်ဆောင်ပင် ဟုတ်ပါ၏လောဟု ယုံမှားသံသယ ဖြစ်လာ၏။ သို့ရာတွင် အနီးအပါး၌ အခြားကျောက်ဆောင်ဟူ၍လည်း တစ်ခုမျှမရှိချေ။ ဒန်တီသည် သိုက်ညွှန်းကို အထပ်ထပ်ရွတ်ဆို၍ "ကျောက်ဆောင်တွင် ဂူကြီးများတွေ့လိမ့်မည်" ဟူသော စကားကို အဖန်ဖန် တွေးတောနေ၏။ နောက်ဆုံး၌ ချုံများ ဖုံးအုပ်နေသော

ကျောက်ဆောင်ဝိုင်းကို သေချာစွာကြည့်ရှုရာတွင် ကျောက်နံရံသည် ကျောက်သားတစ်ပြင်တည်းမနေဘဲ ကျောက်ခဲများ စုပုံတပ်ဆင်ထားသည့်အဖြစ်ကို တွေ့ရလေ၏။ ဤသည်တွင်မှ ၎င်းနေရာသည် ရှေးကဂူဖြစ်ဖူး၍ တစ်စုံတစ်ယောက်က ကျောက်ခဲများဖြင့် ဆို့ပိတ်ထားခြင်းဖြစ်ကြောင်း စဉ်းစားမိလေ၏။ ယင်းသို့ဖြစ်လျှင် အကြင်သူသည် ဘဏ္ဍာများကို ထုတ်ယူသွားနှင့်ချေပြီလောဟု တွေးတောမိသည်နှင့် ဒန်တီမှာ ချွေးများ ပြန်ထွက်လာလေ၏။ သို့ရာတွင် ဘဏ္ဍာကို ထုတ်ယူသောလူသည် ဂူကိုပြန်ပိတ်ခဲ့ရန် နည်းလမ်းမရှိဟု စဉ်းစားမိသောကြောင့် စိတ်သက်သာရာ ရပြန်လေ၏။

မည်သို့ပင်ဖြစ်စေ ငါသည် ဘဏ္ဍာများတည်ရှိသည်ဆိုသော နေရာသို့ ရောက်အောင် မစုံစမ်းရဘဲ မပြန်တော့ဟု ဆုံးဖြတ်၍ ဒန်တီသည် "တတိယကျောက်ဂူ" ဆိုသော စကားအတိုင်း အခြားဂူများကို ရှာဖွေလေ၏။ လမ်းအတိုင်းတက်လာ၍ ပထမဦးစွာ တွေ့ရသောဂူကို ၁ နံပါတ်ဂူဟူ၍ အမှတ်ပြုငြားအံ့၊ ချုံပိတ်နေသောဂူသည် ပထမဂူဖြစ်ရမည်ဟု ဒန်တီဆုံးဖြတ်လိုက်လေ၏။ ၎င်းနောက် ကျောက်ဆောင်၏နံရံတွင် အခြားအပေါက်များကို ရှာဖွေလေရာ ၁၀ပေ ကွာလောက်တွင် သစ်ပင်ကြီးတစ်ပင် ဆို့ပိတ်ပေါက်ရောက်နေသည့် ဂူတစ်ခုကို တွေ့ရပြန်၏။

၎င်းကား ဂူနံပါတ် ၂ ဖြစ်ရမည်ဟု ဒန်တီအမှတ်ပြုထားလိုက်၏။ ထိုမှတစ်ဖန် ဆက်လက်၍ ရှာပြန်ရာတွင် နွယ်ပင်များဖြင့် လုံခြုံစွာ ဖုံးပိတ်လျက်ရှိသော ဂူတစ်ခုကို တွေ့ရပြန်၏။ ဤသည်ကား စာတွင်ပါရှိသော တတိယဂူပင် ဖြစ်ရမည်ဟု ဒန်တီဆုံးဖြတ်လိုက်၏။

၎င်းနောက် ဒန်တီသည် နွယ်ပင်များကို ပုဆိန်ဖြင့်ခုတ်ထွင်၍ လူဝင်သာလောက်ရုံမျှ လမ်းကြောင်းတစ်ခု ဖြစ်ပေါ်လာရာတွင် ၎င်းလမ်းကြောင်းမှ တိုးလျှိုးကာ ဝင်သွားသဖြင့် ဂူဝသို့ ရောက်လာလေ၏။ အတွင်းသို့ မျှော်ကြည့်လိုက်သောအခါ မှောင်မည်းနေသည်ကိုတွေ့ရ၏။ သို့ရာတွင် မြေတိုက်

ထဲ၌ နှစ်ပေါင်းများစွာ နေခဲ့ရသော ဒန်တီမှာ သူတစ်ပါးတို့ထက် မျက်စိကောင်းရမည်ဟု မိမိကိုယ်ကိုယ် ယုံကြည်သည့်အလျောက် ဂူပေါက်မှ ငုံ့လျှိုးကာ ဝင်သွား၍ ဂူနံရံ၏ ဝဲယာနှစ်ဘက်လုံးကို သေချာစွာ ကြည့်ရှုလေ၏။ လက်ယာဘက် နံရံ၌မူ ကျောက်ဖျာကြီးများ စီခင်းထားသည်ကို မတွေ့ရဘဲ ပကတိကျောက်သားအတိုင်း ရှိနေ၍ လက်ဝဲဘက်၌သာလျှင် ကျောက်ဖျာများ တွေ့ရှိရသဖြင့် ဒန်တီသည် 'တတိယ' ကျောက်ဖျာကို ရှာဖွေလေ၏။ ကျောက်ဖျာကြီးတစ်ချပ်လျှင် အနံ ၃ ပေခန့် ရှိနေရကား တတိယ ကျောက်ဖျာသို့ရောက်အောင် ဝင်လိုက်သွားသောအခါ၌ အလင်းရောင်နှင့် ဝေးကွာသွားသောကြောင့် မှောင်မည်းလှလေပြီ။

ဒန်တီသည် တတိယ ကျောက်ဖျာစွန်းမှာ အင်္ဂတေများကို ပုဆိန်ဖြင့် ခြစ်ခွာ၍ လေးမျက်နှာပတ်လည်စေ့သည့်တိုင်အောင် တဖြည်းဖြည်း အလုပ်လုပ်လေ၏။ အင်္ဂတေများကုန်၍ ကျောက်ဖျာသားချည်း ကွင်းကွင်းကွက်ကွက် ပေါ်ထွက်လာလတ်သော် ဒန်တီသည် ပုဆိန်သွားကို ကျောက်ဖျာအကြားတွင် ဖိသွင်း၍ တဖြည်းဖြည်း ကလန့်ကာကော်ထုတ်လေ၏။ ဤနေရာ၌တစ်ချက် ထိုနေရာ၌တစ်ချက် စသည်ဖြင့် ဆက်လက်ကော်ထုတ်ခဲ့၍ ကျောက်ဖျာကြီးသည် တရွေ့ရွေ့ တဖြည်းဖြည်း ကြွတက်လာခဲ့ရာ နောက်ဆုံး၌ ဒန်တီသည် ပုဆိန်ရိုးကိုပါ တစ်နေရာ၌ သွတ်သွင်းပြီးနောက် ကုပ်သဖွယ် တစ်ချက်တည်း ကော်ထုတ်လိုက်လေ၏။

ထိုခဏ၌ ဂူဝကို တစ်စုံတစ်ခု ပိတ်ဖုံးသွားသည့်အလား ရိပ်ခနဲမှောင်သွားသည်ကို မြင်လိုက်ရသည်နှင့် ဒန်တီသည် ဒိတ်ခနဲဖြစ်သွား၍ သေနတ်ကိုကောက်ယူကာ ဂူပြင်သို့ ပြေးထွက်လာခဲ့ရာ တောင်ဆိတ်တစ်ကောင်သည် ဂူဝမှ ပြူကြည့်ပြီးနောက် ရုတ်တရက် လန့်ထွက်ပြေးသည်ကို မြင်လိုက်ရလေ၏။ ထိုအခါ ဒန်တီက မိမိအား ထိတ်လန့်အောင် ချောက်လှန့်သော ဆိတ်သားကို စားရမည်ဟု အောက်မေ့ကာ သေနတ်နှင့်ပစ်တော့မည် ချိန်ရွယ်ပြီးမှ

၎င်းကျွန်း၌ အခြားလူများ ဆိုက်ရောက်နေပါလျှင် သေနတ်သံကြားသွား၍ လာရောက်စုံစမ်းမည့်အရေးကို တွေးမိသည်နှင့် ဆိတ်ကို ချမ်းသာပေးလိုက်လေ၏။

ဂူတွင်းသို့ ပြန်ဝင်သွားသောအခါ ကျောက်ဖျာကြီးကွာကျ၍ ၎င်းနောက်မှ အပေါက်ကြီးတစ်ပေါက် ဟင်းလင်းကြီးပေါ်လာခဲ့လေပြီ။ ဒန်တီသည် ၎င်းအပေါက်မှ ငုံ့လျှိုးကာ ဝင်သွား၍ လက်ဖြင့်စမ်းသပ်ကာ ရှေ့သို့ တိုးသွားသည်တွင် သံကွင်းကြီးတစ်ကွင်းကို လက်ဖြင့် စမ်းသပ်မိလေ၏။ ဆက်လက်စမ်းသပ်ပြန်သောအခါ ၎င်းသံကွင်းသည် ၃ နှစ်သားအရွယ် သူငယ်တစ်ယောက်၏ ခေါင်းပမာခန့်ရှိသော သေတ္တာရှည်ကြီးတစ်လုံးနှင့် ပူးတွဲလျက်ရှိသည်ကို တွေ့ရလေ၏။ ဒန်တီသည် သံကွင်းကို လက်ဖြင့် ဆွဲကြည့်သောအခါ သေတ္တာရှည်ကြီးသည်လည်း ရွေ့လျက်ပါလာသည်ကို တွေ့ရလေ၏။ သို့ဖြစ်၍ ဒန်တီသည် အပေါက်မှ နောက်ပြန်ဆုတ်ထွက်ရင်း သေတ္တာကိုလည်း သံကွင်းမှ တရွတ်ဆွဲထုတ်လာခဲ့ရာ နောက်ဆုံး၌ ကျောက်ဖျာခွာထားသောအပေါက်သို့ ရောက်၍ ပထမဂူထဲသို့ ပြန်ရောက်လာခဲ့လေ၏။

ဒန်တီသည် သေတ္တာရှည်ကို ဂူဝအနီးသို့ ဆွဲထုတ်လာခဲ့၍ သေချာစွာကြည့်ရှုသောအခါ သေတ္တာမှာခိုင်ခံ့သော သစ်ချသားဖြင့် လုပ်ထားကြောင်းတွေ့ရလေ၏။ ထိုအခါ၌ကား ဒန်တီမှာ သေတ္တာတွင်း၌ရှိသော အရာများကို မြင်လိုလှပြီဖြစ်၍ ချွေးဒီးဒီးယိုစီးလျက် ရင်ထဲ၌ ဖိုလှိုက်လှလေပြီ။ သို့ဖြစ်၍ ဒန်တီမှာ မည်သည့်နေရာ၌ သော့ချက်ရှိသည်ကိုရှာဖွေရန် မတတ်နိုင်တော့ပဲ၊ သေတ္တာ၏ လက်ရုက်ကို ပုဆိန်နှင့် ခုတ်ခွာ၍ အဖုံးကို ပုဆိန်သွားဖြင့် ကလန့်ကာ အတင်းဖွင့်လိုက်လေ၏။ အတွင်း၌ တွေ့မြင်ရသော ဝတ္ထုပစ္စည်းများမှာ လောဘမကြီးလှသော ဒန်တီအဖို့ပင်လျှင် မျက်လုံးများဝေသွားအောင် ရှိနေလေ၏။

ရှည်လျားသော သေတ္တာ၌ အကန့်သုံးကန့်ပါရှိရာ ပထမအကန့်၌

ရွှေဒင်္ဂါးအမျိုးမျိုးတို့သည် အရောင်တဝင်းဝင်းရှိကြကုန်၏။ ဒုတိယအကန့်၌ကား ဝါတာတာ အချောင်းကြီးများစီလျက် ထည့်ထားရာ ၎င်းတို့မှာ ရွှေဒင်္ဂါးများကဲ့သို့ အရောင်မရှိသော်လည်း ရွှေသားစင်စစ်ဖြစ်ကြောင်းကိုမူကား ယုံမှားဖွယ်ရာမရှိချေ။ တတိယအကန့်မှာမူ အပြည့်မဟုတ်ဘဲ တစ်ဝက်မျှသာရှိသော်လည်း ၎င်းအတွင်း၌ စိန်များ၊ ပုလဲများ၊ ပတ္တမြားများ၊ မြနှင့်နီလာများ ရောပြွမ်းလျက် အရောင်တဖိတ်ဖိတ် တောက်ပြောင်နေရကား အဖိုးအထိုက်တန်ဆုံးသော အကန့်ဖြစ်သည်ဟု ဒန်တီသိရှိရ၏။ ဒန်တီသည် ဤမျှလောက်မြောက်မြားသော ကျောက်သံပတ္တမြားများကို စိတ်ကူးမျှ မထည့်ဘူးသည်ဖြစ်၍ ကစားစရာ အဆန်းအသစ်များကို တွေ့ရသော ကလေးသူငယ်ကဲ့သို့ အူးယားဖားယားနှင့် လက်ဖြင့်မြှောက်ကာဖြန့်ကာ၊ ကြိမ်ဖန်များစွာ ငေးကြည့်နေမိသေး၏။ ဒန်တီမှာ ၎င်းပစ္စည်းများကို မိမိတစ်ဦးတည်း ပိုင်ဆိုင်ကြောင်းသိပြီးဖြစ်သော်လည်း လူသတ္တဝါတို့၏ ထုံးစံအတိုင်း လက်ဖြင့်ကိုင်တွယ်လိုက်ရမှသာ ပိုင်ဆိုင်ကြောင်းကို သဘောပေါက်နိုင်သည် ဖြစ်သောကြောင့်ထိုကဲ့သို့ကိုင်တွယ်၍မကြည့်ဘဲ မနေနိုင်ချေ။

၎င်းနောက် ဒန်တီသည် သေတ္တာကို ပိတ်ထားခဲ့၍ ကျောက်ဆောင်ထိပ်သို့ တက်ပြီးလျှင် လူသူလေးပါးတို့ ရှိလေသလောဟု ကြည့်ရှုပြန်ရာ မည်သူကိုမျှ မမြင်ရသည်နှင့် “ငါပိုင်ပြီ တစ်ယောက်တည်းပိုင်ပြီ” ဟု ရေရွတ်ကာ ဆင်းလာခဲ့လေ၏။ ထိုနောက် ဒန်တီသည် ရပ်တည်ခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ သေနတ်ကို ထမ်းလျက် လူရူးတစ်ယောက်ကဲ့သို့ ရည်ရွယ်ချက်မရှိပဲ ထိုမှ ဤမှ ခေါက်တုံ့ခေါက်ပြန် စင်္ကြံလျှောက်နေသေး၏။

ထိုအချိန်၌ကား နေဝင်ဖို့ နီးလာခဲ့လေပြီ။ ဒန်တီသည် သင်္ဘောသားများထားခဲ့သော ဘီစကွတ်မုန့်အနည်းငယ်နှင့် ရေကိုသောက်ပြီးနောက် ထိုညဉ့်အတွက် ဂူပေါက်၌ပင် စောင့်အိပ်ရန် ပြင်ဆင်လေ၏။

❑